# ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၁၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် – ၈၇

၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၁ တွင် ချမှတ်သော ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့စွဲပါ ပုသိမ်ခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုမကျေနပ်၍အယူခံမှု။

| | | |
|---|---|---|
| ဦးရဲထွန်းအောင် | နှင့် | ဦးလှထွန်းအေး |
| အယူခံတရားလို | | အယူခံတရားပြိုင် |

အယူခံတရားလိုအတွက်။ ဒေါ်အေးသီတာထွန်း၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက်။ ဦးဌေးဝင်း၊ တရားလွှတ်တော်ရှေ့နေ

### စီရင်ချက်

ရက်စွဲ။ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက်

ပုသိမ်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၇၁/၂၀၁၄ တွင် တရားလို ဦးလှထွန်းအေးက တရားပြိုင် ဦးရဲထွန်းအောင်အပေါ် ပဲဆီဝယ်ယူပေးရန် ယုံကြည်စွာပေးအပ်ထားသည့်ငွေအပေါ် ပဲဆီဝယ်ပေးရန်သတ်မှတ်ထားသည့်နေ့ပေါက်ဈေးအရ ရရှိမည့်ငွေ ၉၄၈၈၀၀၀၀ိ/- နှင့် နစ်နာကြေးငွေ ၇၅၉၀၄၀၀ိ/- စုစုပေါင်းငွေ ၁၀၂၄၇၀၄၀၀ိ/- ရလိုမှုစွဲဆိုရာ ခရိုင်တရားရုံးက တရားလိုသည် တရားပြိုင်ထံမှ ပဲဆီပိဿာချိန် ၅၉၃၀၀ အတွက် တစ်ပိဿာလျှင် ကာလပေါက်ဈေး ၁၆၀၀ိ/- နှုန်းဖြင့် ငွေ ၉၄၈၈၀၀၀၀ိ/- ရထိုက်ခွင့်ရှိကြောင်း ဒီကရီချမှတ်သည်။ ယင်းစီရင်ချက်နှင့်ဒီကရီကို တရားပြိုင် ဦးရဲထွန်းအောင်က မကျေနပ်၍ ဤအယူခံမှုအားတင်သွင်းသည်။

တရားလိုဦးလှထွန်းအေးက တရားလိုသည် အမှတ် (၄) ဈေးဟောင်းလမ်း၊ ပုသိမ်မြို့တွင် ယမရာအရောင်းဆိုင်ဖွင့်လှစ်ပြီး ပုသိမ်မြို့ အောင်သီရိဈေး (ယခင်ကုလားကုန်းဈေး) တွင် သားဖြစ်သူသီဟစည်သူက "YO" ပဲဆီသန့် ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ကြောင်း၊ တရားပြိုင်က "လမြည့်" အမည်ဖြင့် ကုန်စုံရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်ကြောင်း၊ (၁-၆-၂၀၁၃) နေ့တွင် တရားပြိုင်က စားသုံးဆီ၊ ပဲဆီ (၁) ပိဿာလျှင် ၁၅၉၀ိ/- ဈေးနှုန်းဖြင့် ဝယ်ယူပေးမည်ဖြစ်ကြောင်း ကမ်းလှမ်းခဲ့သဖြင့် တရားလိုက သဘောတူပြီး ဆီပိဿာချိန် ၅၉၃၀၀ိ/- အတွက် ကျသင့်ငွေ ၉၄၂၈၇၀၀၀ိ/- ပေး၍ (၂-၆-၂၀၁၃) နေ့တွင် စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ စာချုပ်တွင် (၁၂-၇-၂၀၁၃) နေ့တွင်ဆီကိုဖြစ်စေ၊ ဆီမပေးနိုင်ပါက ယင်းနေ့ ဆီပေါက်ဈေးကိုဖြစ်စေ ပေးချေမည်ဖြစ်ကြောင်း ဝန်ခံကတိပြုချုပ်ဆိုခဲ့ကြောင်း၊ တရားပြိုင်က တရားလိုဆိုင်ရှိ သက်သေများရှေ့၌ စာချုပ်တွင် လက်မှတ်ရေးထိုး၍ ငွေလက်ခံယူခဲ့ကြောင်း၊ ငွေလက်ခံယူစဉ် တရားပြိုင်နှင့်အတူ ၎င်း၏ဇနီး ဒေါ်ယဉ်နွယ်ဝင်းကလည်း စာချုပ်အသိသက်သေနေရာတွင် လက်မှတ်ရေးထိုး၍ ၎င်းတို့နှစ်ဦးက ငွေလက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆီဖိုးငွေများရယူခဲ့ပြီးနောက် တရားပြိုင်သည် ဆီကို လည်းကောင်း၊ ကာလပေါက်ဈေးအရငွေကိုသော်လည်းကောင်းသတ်မှတ်ထားသည့် (၁၂-၇-၂၀၁၃) နေ့တွင် ပြန်လည်မပေးသဖြင့် တောင်းခံခဲ့ရာ ပေးအပ်ခြင်းမရှိသဖြင့် (၂၄-၇-၂၀၁၃) နေ့တွင် ရဲစခန်းသို့တိုင်ကြားခဲ့ကြောင်း၊ ပုသိမ်မြို့နယ်တရားရုံးတွင် ရာဇဝတ်ကြီးမှုအမှတ် ၁၈၅၂/၂၀၁၃ တွင် ပြစ်မှုကြောင်းအရ တရားစွဲဆိုခဲ့ရာ တရားပြိုင်အား ရာဇသတ်ကြီးပုဒ်မ ၄၂၀ ဖြင့် စွဲချက်တင်ခဲ့ကြောင်း၊ (၁၂-၈-၂၀၁၃) ၏ ဆီပေါက်ဈေးမှာ (၁) ပိဿာလျှင် ၁၆၀၀ိ/-ဖြစ်၍ ဆီပိဿာ ၅၉၃၀၀ အတွက် ၉၄၈၈၀၀၀၀ိ/-ပေးရန် တရားပြိုင်ကပျက်ကွက်ခဲ့ကြောင်း၊ (၁၂-၇-၂၀၁၃) မှ တရားစွဲဆိုသည့်နေ့အထိငွေကျပ် ၇၅၉၀၄၀၀ိ/- နစ်နာရသဖြင့် နစ်နာကြေးငွေအပါအဝင် စုစုပေါင်း ငွေကျပ် ၁၀၂၄၇၀၄၀၀ိ/- ပြန်လည်ရထိုက်ခွင့်ရှိကြောင်း အဆိုပြုသည်။

တရားပြိုင်ဦးရဲထွဋ်အောင်က ၎င်းနှင့်ဇနီးဖြစ်သူ ဒေါ်ယဉ်နွယ်ဝင်းတို့က တရားလိုနှင့် ဇနီးဖြစ်သူ ဒေါ်သန်းသန်းနွယ်တို့ထံမှ အတိုးဖြင့် ချေးယူခဲ့သည့်အပေါ် အထောက်အထား တစ်ခုအနေဖြင့် အခွန်တော်တံဆိပ်ခေါင်း အလွတ်ပေါ်တွင် တရားပြိုင်နှင့် ဇနီးဖြစ်သူတို့က လက်မှတ်ထိုးပေးခဲ့ခြင်းဖြစ်ကြောင်း၊ (၂-၃-၂၀၁၃) ရက်စွဲပါစာချုပ်မှာ တရားလိုက မမှန်မကန် ပြုလုပ်ထားခြင်းဖြစ်ကြောင်း၊ တရားပြိုင်သည် လပြည့်ကုန်စုံဆိုင်နှင့် လပြည့်မြေပဲဆီသန့် ဖြန့်ဖြူးရေးလုပ်ငန်းကိုလုပ်ကိုင်သူဖြစ်ကြောင်း၊ တရားပြိုင်သည် မြေပဲဆီသန့်ကို နေအိမ်ဆိုင်တွင် ရောင်းချသည့်အပြင် အခြားမြို့ရွာများကိုလည်း ကားဖြင့်လှည့်လည်၍ ဝန်ထမ်းများဖြင့် ရောင်းချ

ကြောင်း၊ တရားပြိုင်သည် ဝန်ထမ်းများနှင့် (၁-၆-၂၀၁၃) နေ့မှ (၂-၆-၂၀၁၃) နေ့အထိ လပွတ္တာမြို့၊ မြန်နန်းသစ္စာ အဆင့်မြင့်ဧည့်ရိပ်သာတွင် တည်းခိုပြီး လပွတ္တာမြို့နယ်အတွင်း ဆီဖြန့်ဖြူးရောင်းချနေကြောင်း၊ တရားပြိုင်နှင့် ဝန်ထမ်းများသည် (၂-၆-၂၀၁၃) နေ့ ည (၉:၀၀) နာရီ အချိန်ခန့်တွင် ပုသိမ်သို့ပြန်ရောက်ကြောင်း၊ တရားပြိုင်အား ရာဇသတ်ကြီးပုဒ်မ ၄၂၀ ဖြင့် စွဲချက်တင်ခဲ့ပါသည် ဟူသော စကားရပ်မှအပ ကျန်စကားရပ်များအား လေးနက်စွာငြင်းဆိုကြောင်း (၂-၆-၂၀၁၃) ရက်စွဲပါ ယုံကြည်စွာပေးဆပ်ခြင်း ကတိစာချုပ်မှာ တရားလိုက မမှန်မကန်ပြုလုပ်ထားသောစာချုပ်ဖြစ်၍ဆီကိုလည်းကောင်း၊ ကာလပေါက်ဈေးကိုသော်လည်းကောင်း ပေးဆပ်ရန် တာဝန်မရှိကြောင်း၊ တရားလိုတွင် ငွေကျပ် ၇၅၉၀၄၀၀ နစ်နာခြင်းမရှိကြောင်း၊ ဆီဖိုးငွေရယူခြင်း မရှိ၍ တရားလိုအား ငွေကျပ် ၁၀၂၄၇၀၄၀၀ ပေးဆပ်ရန် တာဝန်မရှိကြောင်း၊ တရားစွဲဆိုရန် အကြောင်း မပေါ်ပေါက်ကြောင်း ချေပသည်။

ပုသိမ်ခရိုင်တရားရုံးက အဆိုအချေအရ ငြင်းချက် (၃) ရပ်ထုတ်၍ နစ်ဖက်သက်သေများ စစ်ဆေးပြီးနောက် တရားလိုဘက်က ဆီပြန်ပေးရန် သတ်မှတ်ရက်ဖြစ်သော ၁၂-၇-၂၀၁၃ ရက်နေ့တွင် ပဲဆီပေါက်ဈေး ၁၆၀၀ိ/- ဖြစ်ကြောင်းကိုတွက်ချက်တောင်းခံထားကြောင်း၊ တရားပြိုင်ဘက်က တင်ပြသော ဘောက်ချာများအရ ၁၂-၇-၂၀၁၃ ရက်နေ့ဝန်းကျင်တွင် ပဲဆီလက်လီဈေးမှာ ၁၇၀၀ိ/- ၁၇၂၀ိ/- ဈေးဖြစ်နေသဖြင့် တရားလိုတောင်းခံသော တစ်ပိဿာလျှင် ငွေ ၁၆၀၀ိ/- ပေါက်ဈေးရှိ၍ ပိဿာချိန် (၅၉၃၀၀) အတွက် ကာလတန်ဖိုးငွေ ၉၄၈၈၀၀၀၀ိ/- သည် တရားမျှတမှုရှိ၍ လက်ခံရမည့်အချက်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် အရှုံးအမြတ်ရှိတတ်မြဲဖြစ်ရာ ဘဏ်တိုးနှင့်တွက်ချက်၍ နစ်နာကြောင်း တောင်းခံသည်ကိုမူခွင့်ပြုရန်မသင့်ကြောင်း၊ တရားလိုသည် အတိုးဖြင့် ငွေချေးငှားခဲ့ခြင်းအပေါ် တရားလိုက မမှန်မကန်ပြုလုပ်ခဲ့သည့်စာချုပ်ဖြစ်သည်မှာ မမှန်ကြောင်း သုံးသပ်ဆုံးဖြတ်၍ တရားလိုသည် တရားပြိုင်ထံမှ ပဲဆီပိဿာချိန် ၅၉၃၀၀ အတွက် တစ်ပိဿာလျှင် ကာလပေါက်ဈေး ၁၆၀၀ိ/- ဈေးနှုန်းဖြင့်ငွေ ၉၄၈၈၀၀၀၀ိ/- ရထိုက်ခွင့်ရှိကြောင်း စရိတ်နှင့်တကွ ဒီကရီချမှတ်သည်။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက တရားပြိုင်ဘက်မှသက်သေခံအဖြစ် တင်သွင်းသည့် သက်သေခံ (၈) (၉) (၁၀) (၁၁) စာအုပ်များအရလည်းကောင်း၊ ပုသိမ်ခရိုင်တရားရုံး၏ သုံးသပ်ချက်အရလည်းကောင်း၊ မူလရုံးတရားပြိုင်နှင့် တရားလိုတို့၏ ငွေချေးငှားမှုအပေါ်အာမခံအဖြစ် စာချုပ်အလွတ်ပေါ်တွင် လက်မှတ်ရေးထိုးခဲ့ရခြင်းဖြစ်ကြောင်း ဖြေဆိုဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ အတိုးဖြင့် ငွေချေးငှားခဲ့သည့်အပေါ် တရားလိုမှ မမှန်မကန် ပြုလုပ်ခဲ့သည့် စာချုပ်

တာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီး မှန်ကန်ကြောင်းတာဝန်ယူသည်
မိတ္တူကူးစာရေး
(မိုးသန်)
အခွင့်ရအရာရှိ

ဖြစ်သည်မှာ မမှန်ကြောင်း ဖြေဆိုဆုံးဖြတ်ခဲ့သည့် ပုသိမ်ခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီမှာ ဥပဒေအရမှားယွင်းလျှက်ရှိပါကြောင်း၊ သက်သေခံ (က) (၂-၆-၂၀၁၃) ရက်စွဲပါယုံကြည်စွာ ပေးအပ်ခြင်းကတိစာချုပ်ချုပ်ဆိုသည့်နေ့ကတရားပြိုင်သည်ပုသိမ်မြို့တွင်မရှိကြောင်း၊ လပွတ္တာမြို့ သို့ဆိုင်ရောင်းချရန်ရောက်ရှိနေကြောင်း၊ ပြိုင်ပြ (၃) ဒေါ်သင်းသင်းဦး၊ ပြိုင်ပြ (၄) တည်းခိုခန်း မန်နေဂျာမှရုံးရှေ့တွင်အတိအလင်းထွက်ဆိုထားခဲ့ကြပြီးသက်သေခံ (၁၂) ထောက်ခံစာ၊ သက်သေခံ (၁၃) တည်းခိုခန်းခရှင်းသည့်ပြေစာ၊ သက်သေခံ (၁၄) (၁-၆-၂၀၁၃) ရက်စွဲပါဧည့်စာရင်းတို့ကို သက်သေခံအဖြစ်တင်ပြခဲ့သော်လည်း ပုသိမ်ခရိုင်တရားရုံးတော်မှ ပုသိမ်နှင့်လပွတ္တာမှာ (၂) နာရီ ကျော်အတွင်း ရောက်နိုင်သော ခရီးဖြစ်၍ (၂-၆-၂၀၁၃) နေ့က တစ်နေ့လုံးလပွတ္တာတွင် ရှိနေသည် ဟု တထစ်ချကောက်ယူနိုင်ခြင်းမရှိပေဟု မိမိ၏ထင်မြင်ချက်ဖြင့် သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်၍ အယူခံတရားလိုတွင်များစွာနစ်နာလျှက်ရှိပါကြောင်း၊ (၁၂-၇-၂၀၁၃) ရက်နေ့ ပတ်ဝန်းကျင်တွင် ပဲဆီ (၁) ပိဿာလျှင် (၁၆၀၀) ပေါက်ဈေးရှိကြောင်း၊ မူလရုံးတရားလိုမှ သက်သေထင်ရှားပြသ နိုင်ခြင်းမရှိပါဘဲ ပဲဆီ (၁) ပိဿာလျှင် ကာလပေါက်ဈေး (၁၆၀၀) နှုန်းဖြင့် ငွေကျပ် ၉၄၈၀၀၀၀/- ရထိုက်ခွင့်ရှိကြောင်း အမိန့်ချမှတ်ခဲ့သည့် ပုသိမ်ခရိုင်တရားရုံးတော်၏ စီရင်ချက်နှင့်ဒီကရီမှာ လျော်ကန်သင့်မြတ်ခြင်းမရှိပါကြောင်း၊ ပုသိမ်ခရိုင်တရားရုံးတော်၏ စီရင်ချက်နှင့်ဒီကရီအား ပယ်ဖျက်၍ မူလရုံးတရားလို၏အဆိုလွှာအား စရိတ်နှင့်တကွပလပ်ပေးပါရန် လျှောက်ထားသည်။

အယူခံတရားပြိုင်၏ တရားလွှတ်တော်ရှေ့နေက တရားပြိုင်မှ စာချုပ်အလွတ်တွင် မည်သည့်စာသားများ ရေးသားထားခြင်းမရှိသည့် အခွန်တံဆိပ်ခေါင်း အလွတ်ပေါ်တွင် လက်မှတ် ရေးထိုး လက်ဗွေနှိပ်ပေးခဲ့ခြင်းဖြစ်ကြောင်း ထုချေထွက်ဆိုသော်လည်း ၎င်းအား ပြန်လှန်စစ်မေးရာ တွင် စာချုပ်အလွတ်ပေါ်တွင် လက်မှတ်ရေးထိုးခဲ့မည်ဆိုပါက ရေးထိုးသူ ကျွန်တော်အနေဖြင့် အကျိုးယုတ်နိုင်သည်ကို ကျွန်တော်သိသည်ဆိုလျှင် သိပါသည်ဟု ထွက်ဆိုချက်အရ ပညာတတ် စီးပွားရေးလုပ်ကိုင်နေသူတစ်ဦးအနေဖြင့် စာချုပ်အလွတ်တွင် လက်မှတ်ရေးထိုးပေးသည်ဆိုခြင်း မှာလည်းအမှန်တရားဖုံးကွယ်ရန်ငြင်းဆိုထွက်ဆိုခြင်းဖြစ်ကြောင်း၊ သက်သေခံ (ခ) အဖြစ်တင်သွင်း ခဲ့သည့် တရားပြိုင်က ရာဇဝတ်ကြီးမှုတွင် ခံပြသက်သေအဖြစ် အစစ်ခံသည့်အခါ ပြန်လှန်စစ်မေးရာ တွင် စာမျက်နှာ (၁၉) ၌ "ကျွန်တော်၏ ထွက်ဆိုချက်အရ စာချုပ် အလွတ်ပေါ်တွင် လက်မှတ် ရေးထိုးပေးခဲ့ရကြောင်း ထွက်ဆိုထားသဖြင့် မည်သည့်ခုနှစ်က ရေးထိုးပေးခဲ့ပါလဲဆိုလျှင် ၂၀၀၅ ခုနှစ် ဝန်းကျင်ကျော်ခန့်ကဖြစ်ကြောင်း၊ ဒေါ်ယဉ်နွဲ့ဝင်း (ခံပြ-၆) အား ရာဇဝတ်မှုတွင် ပြန်လှန် စစ်မေးစာမျက်နှာ (၈) တွင် "စာချုပ်အလွတ်တွင်လက်မှတ်ရေးထိုးပေးခဲ့ရကြောင်းထွက်ဆိုသဖြင့်

မည်သည့်ခုနှစ်က လက်မှတ်ရေးထိုးပေးခဲ့ရပါသလဲဆိုလျှင် ကုလားကုန်းဈေးတွင် ဈေးရောင်းစဉ် ၂၀၀၅ ခုနှစ် ခန့်ကျင်က ရေးထိုးပေးခဲ့ခြင်းဖြစ်ပါသည်" ဟု ထွက်ဆိုထားပြီး ယခုအမှုတွင် တရားပြိုင်ထွက်ဆိုရာတွင် သက်သေခံ (၈) (၉) (၁၀) (၁၁) ပါ (၆-၉-၂၀၁၂) မှ (၂၃-၄-၂၀၁၃) ရက်စွဲပါ စာရင်းစာအုပ်များအရ ရယူထားသည့်ငွေများအတွက် အာမခံအဖြစ် စာချုပ်တွင် လက်မှတ်ရေးထိုးပေးခဲ့ကြောင်း ထွက်ဆိုထားရာ အမျိုးမျိုးအကြံရပြီး ထွက်ဆိုကြောင်း ပေါ်ပေါက်နေပါကြောင်း၊ တရားပြိုင် ထုချေထွက်ဆိုချက်မှာ မှန်ကန်မှုမရှိပါကြောင်း၊ တရားပြိုင်ဘက်မှတင်ပြသည့် သက်သေခံ (၁၂) (၁၃) (၁၄) တို့မှာ (၁-၆-၂၀၁၃) အတွက် တင်ပြခဲ့သည့် စာရွက်စာတမ်းများ ဖြစ်ပြီး သက်သေခံ (၁၂) နှင့်ပတ်သက်၍ သက်သေ ဒေါ်သင်းသင်းစိုးက ၎င်းထုတ်ပေးထားသည့် ထောက်ခံစာဖြစ်ကြောင်း၊ ၎င်းလက်မှတ်ဖြစ်ကြောင်း ထွက်ဆိုခဲ့ခြင်းမရှိပါကြောင်း၊ (ပြိုင်ပြ-၄) ဦးမြင့်လွင် (တည်းခိုခန်းမန်နေဂျာ) မှ သက်သေခံ (၁၄) ဧည့်စာရင်းတွင် ရေးသားထားသောစာသားများမှာ ၎င်းလက်ရေးဖြစ်ကြောင်း၊ သက်သေခံ (၁၃) ပြေစာပေါ်ရှိ မန်နေဂျာနေရာတွင် ရေးထိုးထားသောလက်မှတ်မှာ၎င်းလက်မှတ်ဖြစ်ကြောင်းထွက်ဆိုခဲ့ပြီး ပြန်လှန်စစ်မေးရာတွင် သက်သေခံ (၁၃) စာရွက်မှာ ကိုရဲထွဋ်အောင် ယခုပြဿနာဖြစ်သည့်အခါမှ ရေးသားသည့်စာရွက်ဖြစ်သည်ဆိုလျှင် မှန်သည်ဟု ထွက်ဆိုထားပါကြောင်း၊ အဆိုပါသက်သေခံ (၁၂) (၁၃) (၁၄) စာရွက်စာတမ်းများအရ လပွတ္တာ မြနန်းသစ္စာ တည်းခိုခန်းတွင် (၁-၆-၂၀၁၃) နေ့က တည်းခိုခဲ့သည်ဟု မှတ်ယူ၍ရမည် မဟုတ်ပါကြောင်း၊ (၂-၆-၂၀၁၃) ရက်နေ့တွင် ရဲထွဋ်အောင် လပွတ္တာမြို့တွင် ဆီရောင်းချခဲ့ကြောင်း သက်သေခံ (၁၅) ပြေစာဖြင့် တင်ပြခဲ့သော်လည်း မှန်ကန်ကြောင်း တင်ပြနိုင်ခြင်းမရှိပါကြောင်း၊ တရားပြိုင်ဘက်မှ တင်ပြထားသည့် သက်သေခံ (၅) ပြေစာအမှတ် ၀၇၅၈ (၁၉-၇-၂၀၁၃) ရက်စွဲပါ ပြေစာအရဆီဈေး မှာ ပဲလတ်ဆီ (၁၀) ပိဿာလျှင် (၁၇၂၀၀ိ/-) ဖြစ်သဖြင့် တရားပြိုင်တင်ပြသည့် သက်သေခံ (၁၅) (၃-၆-၂၀၁၃) ရက်စွဲပါပြေစာအမှတ် (၁၄၂၂) တွင်ပဲလတ်ဆီဈေးနှုန်း (၁၀) ပိဿာလျှင် (၁၇၀၀၀ိ/-) ဖြစ်သဖြင့် စတင်ဆီဝယ်ယူပေးရန် တရားပြိုင်မှငွေယူခဲ့သည့် (၂-၆-၂၀၁၃) နေ့တွင် ပဲဆီ(၁)ပိဿာလျှင် (၁၅၉၀ိ/-) ကျပ်ဖြစ်ပြီး ပြန်လည်ပေးအပ်ရန် သတ်မှတ်ထားသည့် (၁၂-၇-၂၀၁၃) နေ့တွင် ပေါက်ဈေးမှာ (၁) ပိဿာလျှင် (၁၆၀၀ိ/-) ဖြင့် စွဲဆိုခြင်းမှာ မှန်ကန်လျှက်ရှိကြောင်း၊ ဤအယူခံမှုတွင် အယူခံတရားပြိုင်မှ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ပြန်လှန်ကန့်ကွက်တင်သွင်းပါကြောင်း၊ တရားပြိုင်က ပေးဆပ်ရမည့်ငွေများအား မပေးဆပ်သဖြင့် အဆိုပါငွေများအားမည်သည့်စီးပွားရေးကိုမျှမလုပ်ဘဲ မြန်မာ့စီးပွားရေးဘဏ်တွင် အပ်နှံမည်ဆိုပါက တရားပြိုင်မှ တရားလိုသို့ပေးအပ်ရမည့် ဆီဘိုးကာလပေါက်ဈေး ၉၄၈၀၀၀ိ/- အရ

စိစစ်ဆေးပြီး မှန်ကန်ကြောင်းတာဝန်ယူသည်။

တက်တိုးနှင့် တွက်ချက်ပါက ၇၅၉၀၄၀၀/- ခန့် နစ်နာဆုံးရှုံးခဲ့သည်မှာ အထင်အရှားပင် ဖြစ်ပါကြောင်း၊ သို့ပါ၍ ဤအယူခံမှုအားပလပ်ပြီး အယူခံတရားပြိုင်အား မူလရုံးမှအနိုင်ဒီကရီချမှတ်ခဲ့သည့် ဆီဘိုးကာလပေါက်ဈေးငွေ ၉၄၈၈၀၀၀၀/- နှင့် နစ်နာကြေးငွေ ၇၅၉၀၄၀၀/- စုစုပေါင်း ၁၀၂၄၇၀၄၀၀/- ကို ပေးအပ်စေသည့် စီရင်ချက်နှင့်ဒီကရီကို ပြင်ဆင်ချမှတ်ပေးပါရန် လျှောက်ထားသည်။

မူလမှုကိုစိစစ်ကြည့်ရာ တရားလို ဦးလှထွန်းအေးနှင့် တရားပြိုင် ဦးရဲထွဋ်အောင်တို့သည်ညီအစ်ကိုဝမ်းကွဲတော်စပ်ကြောင်း၊ တရားလိုကအရက်ဆီဖြန့်ဖြူးသည့်လုပ်ငန်းကိုလုပ်ကိုင်ပြီး တရားလို၏သား သီဟစည်သူက “YO” ပဲဆီရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်ကြောင်း၊ တရားပြိုင်သည်လပြည့်ကုန်စုံဆိုင်နှင့် လပြည့်ပဲဆီရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ကြောင်း အငြင်းမပွား ပေါ်ပေါက်တွေ့ရှိရသည်။

တရားလိုဦးလှထွန်းအေးက (၁-၆-၂၀၁၃) ရက်နေ့တွင် တရားပြိုင်ဦးရဲထွဋ်အောင်သည် ပဲဆီတစ်ပိဿာလျှင် ၁၅၉၀/- ဈေးနှုန်းဖြင့် ဝယ်ယူပေးမည်ဟု ကမ်းလှမ်းခဲ့ရာ (၂-၆-၂၀၁၃) ရက်နေ့တွင်ပဲဆီပိဿာချိန် ၅၉၃၀၀ ဝယ်ယူပေးရန်အတွက်ကျသင့်ငွေ ၉၄၂၈၇၀၀၀/-ကို သက်သေများရှေ့တွင် စာချုပ်ချုပ်ဆို၍ပေးရာ ဦးရဲထွဋ်အောင်စာချုပ်တွင် လက်မှတ်ရေးထိုး၍ ယူသွားကြောင်း၊ ၎င်း၏ဇနီးဒေါ်ယဉ်နွယ်ဝင်းကလည်းစာချုပ်တွင်အသိသက်သေအဖြစ်လက်မှတ်ရေးထိုး၍ ဦးရဲထွဋ်အောင်နှင့်အတူ ငွေကိုလက်ခံရယူခဲ့ကြောင်း ထွက်ဆို၍ ငွေ ၉၄၂၈၇၀၀၀/- ကို ပေးအပ်သည့် ၁-၆-၂၀၁၃ ရက်စွဲပါစာချုပ်ကို သက်သေခံ (က) အဖြစ် တင်သွင်းခဲ့ရာ စာချုပ်ပါသက်သေ ဦးအောင်နိုင်ဦး (လိုပြ-၂) နှင့် တရားလို၏ဇနီး၏တူတော်စပ်သူ ကိုမျိုးကိုကို (လိုပြ-၃) တို့က ထောက်ခံထွက်ဆိုခဲ့ကြောင်း တွေ့ရသည်။

ထို့ပြင် သက်သေဦးစိုးတင့် (လိုပြ-၁) ကလည်း တရားလိုဦးလှထွန်းအေး၏ဆိုင်သို့ ရောက်ရှိစဉ် တရားပြိုင်ဦးရဲထွဋ်အောင်နှင့် ဇနီးတို့ရောက်ရှိလာပြီး စာချုပ်တွင် လက်မှတ်ထိုး၍ ငွေများရယူသွားကြောင်း၊ ဆီဖိုးငွေများပေးသည်ဟုသိရကြောင်း တရားလိုအပေါ်ထောက်ခံထွက်ဆိုခဲ့ကြောင်း တွေ့ရှိရသည်။

အမှုတွင် တရားပြိုင်ဦးရဲထွဋ်အောင်က မိမိလုပ်ငန်းတွင် ငွေလိုအပ်၍ မိမိနှင့်ဇနီးတို့က တရားလို၏ဇနီးဒေါ်သန်းသန်းနွယ်ထံမှ အတိုးဖြင့်ငွေချေးခဲ့ရာ အပေါင်ပစ္စည်းမပေးနိုင်သဖြင့် စာချုပ်အလွတ်တွင် မိမိနှင့်ဇနီးတို့က လက်မှတ်ရေးထိုးပေးခဲ့ရကြောင်း၊ မိမိတို့က လက်မှတ်နှင့် လက်ဗွေရေးထိုးခပ်နှိပ်ပေးခဲ့သည့် အခွန်တံဆိပ်ခေါင်းမှာ သက်သေခံ (က) စာချုပ်ဖြစ်ကြောင်း၊

စာချုပ်တွင်ဖော်ပြထားသည့်ပဲဆီတစ်ပိဿာလျှင်ငွေ ၁၅၉၀/- ဖြင့် ပဲဆီပိဿာချိန် ၅၉၃၀၀ အတွက် ငွေ ၉၄၂၈၇၀၀၀/- ကိုရယူခဲ့ခြင်းမရှိကြောင်း ချေပခဲ့ရာ ၎င်း၏ဇနီးဒေါ်ယဉ်နွယ်ဝင်း (ပြိုင်ပြ-၁) က ထောက်ခံထွက်ဆိုခဲ့ကြောင်း တွေ့ရသည်။

တရားပြိုင်ဦးရဲထွဋ်အောင်နှင့် ၎င်း၏ဇနီးဒေါ်ယဉ်နွယ်ဝင်းတို့၏ ချေပထွက်ဆိုချက်အရဆိုလျှင် ၎င်းတို့သည် သက်သေခံ (က) ယုံကြည်စွာ ပေးအပ်ခြင်းကတိစာချုပ်တွင်လက်မှတ်ရေးထိုး၊ လက်ဗွေနှိပ်ခဲ့သည်မှာ ပေါ်လွင်သည်။ တရားပြိုင်ဘက်ချေပချက်အတိုင်း တရားလို၏ဇနီးထံမှအတိုးဖြင့် ငွေချေးယူခြင်းအတွက် အခွန်တံဆိပ်ခေါင်းစာချုပ်အလွတ်တွင် လက်မှတ်ရေးထိုးပေးခဲ့ရခြင်းဟုတ်မဟုတ်ကိုသာ စိစစ်ရန်ဖြစ်သည်။

တာဝန်ခံမိတ္တူမှန်

တရားပြိုင် ဦးရဲထွဋ်အောင်က အခွန်တံဆိပ်ခေါင်းအလွတ်တွင် လက်မှတ်ထိုး လက်ဗွေနှိပ်ပေးခဲ့ရကြောင်း ထုချေခဲ့သော်လည်း ၎င်းအားပြန်လှန်စစ်မေးသောအခါ အောက်ပါအတိုင်း ထွက်ဆိုထားသည်။

"သက်သေခံ(က)စာချုပ်တွင်ငွေယုံကြည်စွာပေးအပ်ခြင်း၊ လက်ခံသူဆိုသည့် စာသားပါငွေယုံကြည်ဆိုသည့် စာသားအပေါ်တွင်ကျွန်တော်လက်ဗွေကိုခတ်နှိပ်ထားခဲ့သည်ဆိုလျှင် ယခုပြသ၍ မြင်ပါသည်။ ထို့အတူဒေါ်ယဉ်နွဲ့ဝင်းလက်ဗွေသည်လည်းအမည်၊ မှတ်ပုံတင်၊နေရပ်လိပ်စာဆိုသောမျဉ်းကြောင်းများပေါ်တွင်ခတ်နှိပ်ထားသည်ဆိုလျှင် ယခုပြသ၍ မြင်တွေ့ရပါသည်။ × × × စာချုပ်အလွတ်ပေါ်တွင် ရေးထိုးခဲ့မည်ဆိုပါက ကျွန်တော်လက်ဗွေသည် စာသားပေါ်တွင် ခတ်နှိပ်ရန်အကြောင်းမရှိဆိုလျှင် စာသားပေါ်တွင် လက်ဗွေခတ်နှိပ်ထားသည်ကို မြင်တွေ့ပါသည်။ ထို့အတူ ကျွန်တော်ဇနီးဒေါ်ယဉ်နွဲ့ဝင်း၏ လက်ဗွေသည်လည်း မျဉ်းကြောင်းများပေါ်တွင် ခတ်နှိပ်ထားသည်ဆိုလျှင် စာသားပေါ်တွင် လက်ဗွေခတ်နှိပ်ထားသည်ကိုမြင်တွေ့ပါသည်။ သက်သေခံ (ခ) ကျွန်တော်၏ သက်သေထွက်ဆိုချက် စာမျက်နှာ (၁၇) စာကြောင်းရေ (၆) တွင် "ကျွန်တော်၏ အဓိကထွက်ဆိုချက်တွင် သက်သေခံ (ခ-၁) စာချုပ်၍ ယုံကြည်စွာ ပေးအပ်ခြင်းလက်ခံသူအမည် အထက်၌ ရေးထိုးထားသော လက်မှတ်လက်ဗွေမှာ ကျွန်တော်၏ လက်မှတ်လက်ဗွေဖြစ်ကြောင်း အသိသက်သေနေရာရှိ ဒေါ်ယဉ်နွဲ့ဝင်း အမည် အထက်၌ ရေးထိုးထားသော လက်မှတ်မှာ ကျွန်တော်၏ ဇနီးဖြစ်သူ ဒေါ်ယဉ်နွဲ့ဝင်း၏ လက်မှတ်လက်ဗွေဖြစ်ကြောင်း ထွက်ဆိုချက်အရစာချုပ်လက်မှတ်ရေးထိုးစဉ် အသိသက်သေများ ယုံကြည်စွာ ပေးအပ်ခြင်း၊ လက်ခံသူစာသားများပါရှိ

မိတ္တူကူးသူစာရေး
အခွင့်ရအရာရှိ

သည်ဆိုလျှင် အဆိုပါစာသားများ ပါရှိသည်ကိုပြသ၍မေးရာ ထိုအတိုင်း မြင်တွေ့ရပါသည်"

အထက်ပါ ဦးရဲထွဋ်အောင်၏ ထွက်ဆိုချက်အရဆိုလျှင် သက်သေခံ (က) စာချုပ်တွင် ဦးရဲထွဋ်အောင်နှင့်ဇနီးတို့လက်မှတ်ရေးထိုးစဉ်က မည်သည့်စာသားမျှမပါကြောင်း ချေပချက်မှာ မှန်ကန်မှုမရှိပေ။ စာချုပ်အလွတ်တွင်သာ လက်မှတ်ရေးထိုးခဲ့သည်မှာ မှန်ကန်ပါက ငွေယုံကြည်စွာ ပေးအပ်ခြင်းလက်ခံသူစာသားနှင့် တရားပြိုင်၏လက်မှတ်လက်ဗွေတို့မှာ အထက်အောက်နေရာတကျ မရှိနိုင်ပေ။ ထို့အတူပင် တရားပြိုင်၏ဇနီးဒေါ်ယဉ်နွယ်ဝင်းက အသိသက်သေနေရာ၌ လက်မှတ်ရေးထိုးခြင်း၊ လက်ဗွေနှိပ်ခြင်းတို့မှာလည်း နေရာတကျ ရှိနိုင်မည်မဟုတ်ပေ။ ယခု သက်သေခံ (က) စာချုပ်ကိုကြည့်လျှင် တရားလိုဦးလှထွန်းအေး၊ တရားပြိုင်ဦးရဲထွဋ်အောင်၊ သက်သေဒေါ်ယဉ်နွယ်ဝင်းနှင့် ဦးအောင်နိုင်ဦးတို့သည် သူ့နေရာနှင့်သူ နေရာတကျ လက်မှတ်ရေးထိုး၊ လက်ဗွေနှိပ်ထားသည်ကို တွေ့ရသဖြင့် တရားပြိုင်ဦးရဲထွဋ်အောင်နှင့် ဇနီးတို့သည် အခွန်တံဆိပ်ခေါင်းအလွတ်တွင် လက်မှတ်ထိုး လက်ဗွေနှိပ်ပေးခဲ့ရသည်ဆိုသော ချေပထွက်ဆိုချက်ကို လက်ခံရန်ခဲယဉ်းသည်။

မိတ္တူမှန်ကန်ကြောင်းတာဝန်ယူသည်

တရားပြိုင်ဦးရဲထွဋ်အောင်က တရားလို၏ဇနီးထံမှ ငွေကျပ်သိန်း ၅၀ ကို တစ်လလျှင် ၁၀/- အတိုးဖြင့်ချေးယူခဲ့ပြီး ပြန်လည်ပေးသွင်းခဲ့ရာ တရားလို၏ဇနီးက လက်မှတ်ရေးထိုးပေးသည်ဆိုသော စာအုပ် (၄) အုပ်ကို သက်သေခံ (၈) (၉) (၁၀) (၁၁) အဖြစ် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ဦးရဲထွဋ်အောင်က သက်သေခံ (က) စာချုပ်တွင် မိမိတို့က လက်မှတ်ရေးထိုးပေးခဲ့ရခြင်းမှာ သက်သေခံ (၈) (၉) (၁၀) (၁၁) ဖြင့် ယူခဲ့သည့်ငွေများအပေါ် အာမခံပစ္စည်းမပေးနိုင်သည့်အတွက် ယုံကြည်မှုရှိစေရန် လက်မှတ်ရေးထိုးပေးခဲ့ခြင်းဖြစ်ပါသည်ဟု ထွက်ဆိုသည်။

မိတ္တူကူးသူ

အချင်းဖြစ်ကိစ္စနှင့်ပတ်သက်၍တရားပြိုင်ဦးရဲထွဋ်အောင်အားပုသိမ်မြို့နယ်တရားရုံး ရာဇဝတ်ကြီးမှုအမှတ် ၁၈၅၂/၂၀၁၃၊ ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရ စွဲဆိုမှုတွင် ဦးရဲထွဋ်အောင် (တရားခံ) အဖြစ် ထွက်ဆိုခဲ့သည့် သက်သေခံ (၁) တွင် "ကျွန်တော်မိသားစု စီးပွားရေးလုပ်ငန်းမှာ ၂၀၀၅ ခုနှစ်မှစ၍ ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းချခဲ့ကြောင်း၊ ငွေကြေးမပြည့်စုံသဖြင့် ဦးလှထွန်းအေး၏ ဇနီးဖြစ်သူထံမှ ငွေ ၁၀၀/- လျှင် ၁၀/- အတိုးဖြင့် ငွေကျပ်သိန်း ၅၀ ချေးယူခဲ့ကြောင်းထွက်ဆိုခဲ့ပြီး ၎င်းအားပြန်လှန်စစ်မေးသည့်အခါ " × × × × ကျွန်တော်၏ထွက်ဆိုချက်အရ စာချုပ်အလွတ်ပေါ်တွင် လက်မှတ်ရေးထိုးပေးခဲ့ရကြောင်း ထွက်ဆိုထားသဖြင့် မည်သည့်ခုနှစ်က ရေးထိုးပေးခဲ့ပါသလဲဆိုလျှင် ၂၀၀၅ ခုနှစ် ဝန်းကျင်ခန့်ကဖြစ်ကြောင်း × × × " ဖြေကြားထွက်ဆိုသည်။

(မျိုးညွန့်)
အခွင့်ရအရာရှိ

အဆိုပါ ရာဇဝတ်ကြီးမှုတွင် ၎င်း၏ဇနီးဒေါ်ယဉ်နွယ်ဝင်းက တရားခံပြသက်သေအဖြစ် အစစ်ခံခဲ့ရာ ဒေါ်ယဉ်နွယ်ဝင်းအား ပြန်လှန်စစ်မေးသည့်အခါ " × × × စာချုပ်အလွတ်တွင် လက်မှတ်ရေးထိုးပေးခဲ့ရကြောင်း ထွက်ဆိုသဖြင့် မည်သည့်ခုနှစ်က လက်မှတ်ရေးထိုးပေးခဲ့ရပါသလဲဆိုလျှင် ကုလားကုန်းဈေးတွင် ဈေးရောင်းစဉ် ၂၀၀၅ ခုနှစ် ဝန်းကျင်က ရေးထိုးပေးခဲ့ခြင်းဖြစ်ကြောင်း" ဖြေကြားထွက်ဆိုထားသည်။

ရာဇဝတ်ကြီးမှုတွင် တရားပြိုင်နှင့်၎င်း၏ဇနီးတို့၏ ထွက်ဆိုချက်အရ စာချုပ်အလွတ်တွင် လက်မှတ်ရေးထိုးပေးခဲ့ကြသည်မှာ ၂၀၀၅ ခုနှစ် ကာလခန့်ကဖြစ်ကြောင်း ပေါ်ပေါက်သည်။ ယခုအမှုတွင် တရားပြိုင်ဦးရဲထွဋ်အောင်က သက်သေခံ (၈) (၉) (၁၀) (၁၁) ပါ (၆-၉-၂၀၁၃) ရက်စွဲထိုးပါ စာရင်းစာအုပ်များအရ ရယူထားသည့်ငွေများအတွက် အာမခံအဖြစ် သက်သေခံ (က) စာချုပ်တွင် လက်မှတ်ရေးထိုးပေးခဲ့ရသည်ဟုထွက်ဆိုခဲ့ရာ တရားပြိုင်ဘက်ထုချေချက်မှာ အမျိုးမျိုးအဖုံဖုံ ကွဲလွဲနေသဖြင့် ယုံကြည်လက်ခံနိုင်မည် မဟုတ်ပေ။

တာဝန်ခံမိတ္တူမှန်

ထို့ပြင် ယခုအမှုတွင် တရားပြိုင်ဦးရဲထွဋ်အောင်အား တရားလို၏ရှေ့နေက ပြန်လှန်စစ်မေးသောအခါ "သို့ဖြစ်၍ ၂၀၁၂ ခုနှစ်တွင်ယူမည့်ငွေအတွက် ၂၀၀၅ ခုနှစ်ကကြိုတင်၍လက်မှတ်ရေးထိုးရန်အကြောင်းမရှိဆိုလျှင် မဟုတ်ပါ။ ၂၀၀၅ ခုနှစ်တွင် ကျွန်တော့်ဇနီးဒေါ်ယဉ်နွယ်ဝင်းနှင့် တရားလို၏ဇနီးဒေါ်သန်းသန်းနွယ်တို့ ငွေပေးငွေယူကိစ္စမရှိခဲ့ဆိုလျှင် မမှတ်မိပါ" ဟု ထွက်ဆိုထားရာ ၎င်း၏ဖြေကြားထွက်ဆိုချက်သည် သဘာဝမကျသဖြင့် လက်ခံရန်ခဲယဉ်းသည်။

စစ်ဆေးပြီး မှန်ကန်ကြောင်း တာဝန်ယူသည်။

အမှုတွင် တရားပြိုင်ဦးရဲထွဋ်အောင်က သက်သေခံ (က) စာချုပ်ချုပ်ဆိုသည်ဆိုသောနေ့က ၎င်းမှာပုသိမ်မြို့တွင်မရှိဘဲ လပွတ္တာမြို့တွင် ဆီရောင်းချရန်ရောက်ရှိနေကြောင်း ချေပ၍ တည်းခိုခန်းပိုင်ရှင်ဒေါ်သင်းသင်းစိုး၏ထောက်ခံစာ သက်သေခံ (၁၂)၊ တည်းခိုခန်းခရင်းသည့်ပြေစာ သက်သေခံ (၁၃)၊ (၁-၆-၂၀၁၃) ရက်စွဲပါဧည့်စာရင်း သက်သေခံ (၁၄) တို့ကို တင်ပြခဲ့သည်။ တည်းခိုခန်းပိုင်ရှင်ဒေါ်သင်းသင်းစိုးက ရဲထွဋ်အောင်မှာစနေနေ့တွင်ရောက်ရှိပြီး တစ်ညအိပ်ကာ တနင်္ဂနွေနေ့တွင်ပြန်ကြောင်း ထွက်ဆိုပြီး သက်သေခံ (၁၂) ထောက်ခံစာမှာ ၎င်းထုတ်ပေးသည့် ထောက်ခံစာဖြစ်ကြောင်း၊၎င်းလက်မှတ်ဖြစ်ကြောင်းထွက်ဆိုခဲ့ခြင်းမရှိပေ။ သက်သေ တည်းခိုခန်းမန်နေဂျာ ဦးမြင့်လွင် (ပြိုင်ပြ-၄) အား ပြန်လှန်စစ်မေးသည့်အခါ ၎င်းက "သက်သေခံ (၁၃) စာရွက်မှာ ကိုရဲထွဋ်အောင် ယခုအမှုပြဿနာဖြစ်သည့်အခါမှ ရေးသားထားသည့် စာရွက်ဖြစ်သည်ဆိုလျှင် မှန်ပါသည်" ဟု ထွက်ဆိုခဲ့ရာ သက်သေခံ (၁၂) (၁၃) တို့အပေါ် ယုံကြည်လက်ခံရန် မသင့်ပေ။ သက်သေခံ (၁၄) အရ တရားပြိုင်ဦးရဲထွဋ်အောင်သည် လပွတ္တာမြို့ တည်းခိုခန်းတွင် (၁-၆-၂၀၁၃)

မိတ္တူကူးသူစာရေး

(မိုးညွန့်)
အဆင့်ရုံးအရာရှိ

ရက်နေ့က တည်းခိုခဲ့သည်ဟုကောက်ယူနိုင်သော်လည်း ၂-၆-၂၀၁၃ ရက်နေ့ကအဆိုပါတည်းခိုခန်းတွင် တည်းခိုနေထိုင်လျက်ရှိသည်ဟု မပေါ်ပေါက်ပေ။ ဤအခြေအနေတွင် မူလခရိုင်တရားရုံးက ပုသိမ်နှင့်လှိုင်ဘွဲ့တွင်သည် (၂) နာရီကျော်အတွင်း ရောက်ရှိနိုင်သောခရီးဖြစ်၍ (၂-၆-၂၀၁၃) နေ့က တစ်နေ့လုံးလှိုင်ဘွဲ့တွင်ရှိနေသည် ဟု တစ်ထစ်ချကောက်ယူနိုင်ခြင်းမရှိကြောင်း သုံးသပ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုသာချေ။

တရားပြိုင်ဦးရဲထွဋ်အောင်က (၂-၆-၂၀၁၃) ရက်နေ့တွင် ပဲဆီပေါက်ဈေး ၁၅၉၀ဝိ/- ဝယ်၍မရကြောင်း၊ သက်သေခံ (က) စာချုပ်မှာ လုပ်ကြံဖန်တီးထားသည့် စာချုပ်ဖြစ်ကြောင်း ချေပခဲ့သော်လည်း ၎င်းအားပြန်လှန်စစ်မေးရာတွင် "ဘောင်ချာအမှတ် ၁၄၂၂၊ ဒေါ်နန်းကု၊ ရက်စွဲ (၃-၆-၁၃) အမျိုးအမည်ပဲလတ်ရှယ်၊ ဈေးနှုန်းအချိန်(၁၀)ပိဿာလျှင် ၁၇၀၀ဝိ/- နှုန်းဖြင့်(၁)ပိဿာအတွက် ၁၇၀ဝိ/- ဖြစ်သည်ဆိုလျှင်မှန်ပါသည်။ အဆိုပါ ဘောင်ချာပေါ်ရှိ ပဲဆီဈေးများမှာကျွန်တော်ဝယ်ခဲ့သည့် ဈေးရင်းအပေါ်တွင် အမြတ်အစွန်းတင်ပြီး ပြန်လည်ရောင်းချသည့်ဈေးများဖြစ်သည်ဆိုလျှင် မှန်ပါသည်" ဟု ထွက်ဆိုချက်အရ ထိုအချိန်က ဆီ (၁) ပိဿာလျှင် ၁၅၉၀ဝိ/- နှုန်းဖြင့် ဝယ်ယူပေးရန် သဘောတူချုပ်ဆိုသည့်စာချုပ်မှာ မှန်ကန်သည်ဟု မှတ်ယူရမှာဖြစ်ပေသည်။

တာဝန်ခံစိစစ်သူမှန်

တရားပြိုင်ဘက်မှ တင်ပြထားသည့် သက်သေခံ (၅) ၁၉-၇-၂၀၁၃ ရက်စွဲပါ ပြေစာအမှတ် - ၀၇၅၈ ဆီဈေးမှာ ပဲလတ်ဆီ (၁၀) ပိဿလျှင် (၁၇၂၀ဝိ/-) ဖြစ်ပြီး သက်သေခံ (၁၅) (၃-၆-၂၀၁၃) ရက်စွဲပါ ပြေစာအမှတ် (၁၄၂၂) တွင် ပဲလတ်ဆီဈေးနှုန်း (၁၀) ပိဿလျှင် (၁၇၀၀ဝိ/-) ဖြစ်သဖြင့် ဆီဝယ်ယူပေးရန် တရားပြိုင်ကငွေယူခဲ့သည့် (၂-၆-၂၀၁၃) နေ့တွင်ပဲဆီ (၁) ပိဿာလျှင် (၁၅၉၀ဝိ/-)ကျပ်ဖြစ်ပြီး ပြန်လည်ပေးအပ်ရန်သတ်မှတ်ထားသည့် (၁၂-၇-၂၀၁၃) နေ့တွင်ပေါက်ဈေးမှာ (၁) ပိဿာလျှင် (၁၆၀ဝိ/-) ဖြင့် စွဲဆိုခြင်းအပေါ် မူလခရိုင်တရားရုံးက သုံးသပ်လက်ခံခဲ့ခြင်းမှာ အမှုပေါ်ပေါက်ချက်နှင့် မညီညွတ်ဟု မဆိုနိုင်ပေ။

စိစစ်ပြီးမှန်ကန်ကြောင်းတာဝန်ခံပါသည်။

ဤအယူခံမှုတွင် အယူခံတရားပြိုင်က မူလခရိုင်တရားရုံးတွင် သက်သာခွင့်တောင်းခံခဲ့သော နစ်နာကြေး ၇၅၉၀၄၀ဝိ/- ကို ဒီကရီချမှတ်ပေးရန် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၂ အရ ပြန်လှန်ကန့်ကွက်လွှာ တင်သွင်းခဲ့သည်။ အယူခံတရားပြိုင်က အယူခံတရားလိုအား ပဲဆီဝယ်ပေးရန်အတွက် ပေးခဲ့သော ငွေ ၉၄၈၀၀၀ဝိ/- နှင့် ပတ်သက်၍ အယူခံတရားလိုက သတ်မှတ်ရက် (၁၂-၇-၂၀၁၃) နေ့တွင် ပဲဆီလည်းဝယ်မပေး ငွေလည်းပြန်မပေးသဖြင့် ဆီဝယ်ပေးရန်ငွေကို ဘဏ်တွင်အပ်နှံပါက ရရှိမည့်ဘဏ်တိုးနှင့် တွက်လျှင် အယူခံတရားပြိုင်နစ်နာရသည့်ငွေကို နစ်နာကြေးအဖြစ် တောင်းခံခြင်းဖြစ်သည်။ အယူခံတရားပြိုင်အနေဖြင့် ၎င်းကအယူခံတရားလိုအား ပဲဆီ

မိတ္တူမှန်ကူးယူတာဝန်ခံ

(မျိုးညွန့်)
အဆင့်(၃)ရအရာရှိ

ဝယ်ပေးရန်အတွက် ပေးအပ်ခဲ့သော ငွေ ၉၄၈၈၀၀၀၀ိ/- အတွက် အယူခံတရားလိုအား ရာဇဝတ်ကြောင်းဖြင့် စွဲဆိုခဲ့ရာ ပုသိမ်မြို့နယ်တရားရုံး၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၅၂/၂၀၁၃ တွင် ရာဇသတ်ကြီးပုဒ်မ ၄၂၀ ဖြင့်အလုပ်နှင့်ထောင်ဒဏ်(၃)နှစ်ကျခံခဲ့ရကြောင်း၊ ယခုအမှုအတွက်အယူခံတရားလိုအား ထောင်ထုတ်မိန့်ဖြင့်ထုတ်၍ စစ်ဆေးခဲ့ရကြောင်း အမှုနေ့စဉ်မှတ်တမ်းများ၌ တွေ့ရှိရသည်။ အယူခံတရားပြိုင်က အချင်းဖြစ်ပဲဆီဖိုးငွေအတွက် ရာဇဝတ်ကြောင်းဖြင့် တရားစွဲဆိုခဲ့၍ အယူခံတရားလိုမှာ ထောင်ဒဏ်ကျခံရပြီးဖြစ်ရာ နစ်နာကြေးငွေ ထပ်မံမရထိုက်ပေ။ အယူခံတရားပြိုင်က စွဲဆိုတောင်းခံသော နစ်နာကြေးငွေကို မူလခရိုင်တရားရုံးက ခွင့်မပြုခဲ့ခြင်းမှာ မှားယွင်းခြင်းမရှိပေ။ သို့အတွက်အယူခံတရားပြိုင်ကတရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၂ အရ ပြန်လှန်ကန့်ကွက်လွှာ တင်သွင်းခြင်းကို ခွင့်ပြုရန်မသင့်ပေ။

ဤအခြေအနေတွင် မူလခရိုင်တရားရုံးက အယူခံတရားပြိုင် (မူလရုံးတရားလို) က နစ်နာကြေးငွေတောင်းခံခြင်းကို ခွင့်မပြုဘဲ ပဲဆီပိဿာချိန် ၅၉၃၀၀ အတွက် တစ်ပိဿာလျှင် ကာလပေါက်ဈေးငွေ၁၆၀၀ိ/-ဖြင့် ကျသင့်ငွေ၉၄၈၈၀၀၀၀ိ/-ကို အယူခံတရားလို(မူလရုံးတရားပြိုင်) ထံမှ ရထိုက်ကြောင်း စရိတ်နှင့်တကွဒီကရီချမှတ်ခဲ့ခြင်းမှာ မှားယွင်းနေကြောင်း မပေါ်ပေါက်သဖြင့် အတည်ပြုရန်သာဖြစ်သည်။

ထို့ကြောင့် မူလခရိုင်တရားရုံး၏ (၂၅-၁-၂၀၁၉) ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီကို အတည်ပြု၍ ဤတရားမပထမအယူခံမှုအား စရိတ်နှင့်တကွပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၂၀၀၀၀/- သတ်မှတ်သည်။

(သန်းထွန်း)

တရားသူကြီးချုပ်

မိတ္တူမှန်ကန်ကြောင်းတာဝန်ယူသည်။
မိတ္တူကူးသူ စာရေး
(အေးညွန့်)
အခွင့်ရအရာရှိ